# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 3 , 2022 Volume 52, Number 2


၃.၃.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၆ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၃၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၀၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၇၀.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၈.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၇၈.၅ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၂၉၈.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၃၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၃၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၃၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၇၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၅၂၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အမေရိကန်နိုင်ငံအခြေစိုက် Scoular က သီလဝါစက်မှုဇုန်တွင် တန်ဖိုးမြင့် ငါးစာထုတ်စက်ရုံဖွင့်လှစ်

အမေရိကန်အခြေစိုက် စီးပွားရေးလုပ်ငန်းဖြစ်တဲ့ ငါးစာနှင့်ငါးဆီရောင်းဝယ်ရေး ကုမ္ပဏီ Scoular က ငါးစာတန်ဖိုးမြှင့်ထုတ်လုပ်မယ့် စက်ရုံသစ်ကို မကြာသေးမီ ရက်ပိုင်းအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါစက်မှုဇုန်မှာ ဖွင့်လှစ်ခဲ့ပါတယ်။

အဆိုပါစက်ရုံက အရည်အသွေးမြင့်ပြီး တသမတ်တည်းရှိတဲ့ ထုတ်ကုန်တွေကို အာရှအစားအစာဈေးကွက်တွေထံ အချိန်နဲ့တပြေးညီ တင်ပို့မှုအတွက် အချက်အချာကျမယ် လို့ သိရပါတယ်။

Scoular ရဲ့ ကြီးထွားလာနေတဲ့ ကမ္ဘာလုံးဆိုင်ရာ ငါးစာလုပ်ငန်းအတွက် အမှတ်တံဆိပ်အသစ်ဖြစ်တဲ့ Encompass™ ကို ပြီးခဲ့တဲ့ စက်တင်ဘာလမှာ Scoular က မိတ်ဆက်ဖွင့်လှစ်ခဲ့ပါတယ်။

ယခု သီလဝါစက်မှုဇုန်မှာ လာရောက်ဖွင့်လှစ်ခဲ့တဲ့ ငါးစာတန်ဖိုးမြှင့်ထုတ်လုပ်မယ့် စက်ရုံသစ်က ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ Scoular Myanmar Co,. Ltd. က ဆောင်ရွက်နေတာဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှာ ခွင့်ပြုခဲ့ခြင်းလည်းဖြစ်ပါတယ်။ "အာရှမှာ ထပ်လောင်းရင်းနှီးမြှုပ်နှံမှုနဲ့ Scoular ရဲ့ ကမ္ဘာ့အဆင့်မီ ငါးစာလုပ်ငန်းကိုတိုးချဲ့ဖို့ ကျွန်ုပ်တို့စိတ်လှုပ်ရှားမိ ပါတယ်"လို့ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာ Adrian Gasparian က ပြောပါတယ်။

မြန်မာနိုင်ငံမှာ ဖွင့်လှစ်လိုက်တဲ့ စက်ရုံသစ်က အမေရိကန်အခြေစိုက် Scoular ရဲ့ အာရှဒေသမှာ တိုးချဲ့တည်ရှိမှု၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကုမ္ပဏီအနေနဲ့ အာရှ-ပစိဖိတ်ဒေသတွင်းက ဖောက်သည်တွေနဲ့ ပေးသွင်းသူများအတွက် တန်ဖိုးထပ်တိုးဖို့ အခွင့်အလမ်းတွေ ဆက်လက်ရှာဖွေနေတယ်လို့ သိရပါတယ်။

**Source: BETV Business**

## မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပြည်တွင်းသုံးပဲများ လက်ကျန်မရှိသောကြောင့် ကုလားပဲအုပ်စုဝင် ပဲနှင့်ပဲကြီးအုပ်စု (စွန်တာနီ၊ စွန်တာပြာ၊ ပဲဇီးကွက်) ပဲများ ပဲအသစ်ပေါ်သော်လည်း ဈေးနှုန်းမြင့်တက်၍ တောင်သူများ ဈေးကောင်းရနေ

မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပြည်တွင်းသုံးပဲများ လက်ကျန်မရှိသောကြောင့် ကုလားပဲအုပ်စုဝင်ပဲနဲ့ ပဲကြီးအုပ်စု (စွန်တာနီ၊ စွန်တာပြာ၊ ပဲဇီးကွက်) ပဲများ ပဲအသစ်ပေါ်သော်လည်း ဈေးနှုန်းမြင့်တက်နေ၍ တောင်သူများဈေးကောင်းရနေကြောင်း၊ မတ်ပဲဈေးသည် FOB အဝယ်ကြောင့် နှစ်ရက်အတွင်း တစ်အိတ်ကို ကျပ် ၆၀၀၀ခန့် ဈေးတက်နေပြီး ပဲဈေးကွက်ထဲရှိ ပဲအားလုံးနီးပါး ဈေးတက်နေသည်ဟု ပြောလို့ရကြောင်း

မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

“ဒီနေ့ပဲဈေးတွေ အကုန်ဈေးတက်ကြတယ်။ အဓိကပဲကုန်အဟောင်း လက်ကျန်မရှိတာနဲ့ ပဲအသစ်ကို တစ်ခါတည်း တန်းသုံးနေရသလိုဖြစ်နေတယ်။ အဲဒါကြောင့် ဈေးတက်တာပါ။ ပြည်တွင်းသုံးက ပဲအဟောင်းလက်ကျန်မရှိတော့ ကုလားပဲ အုပ်စုဝင်ပဲနဲ့ ပဲကြီးအုပ်စု (စွန်တာနီ၊ စွန်တာပြာ၊ ပဲဇီးကွက်) အခုလောလောဆယ် ပဲအသစ်တွေပေါ်နေပေမဲ့ ဈေးမကျဘဲ အရောင်းအဝယ်ကောင်းနေတယ်။ ဈေးက တက်တောင်တက်တယ်။ ကုလားပဲအုပ်စုက V2 ကုလားပဲ ကျပ် ၁၂၃၀၀၀ ကနေ ကျပ် ၁၂၄၀၀၀ အထိ အရောင်းအဝယ်ဖြစ်ကြတယ်။ ထိုင်ဝမ်ကုလားပဲဆို အရောင်းသမားက ကျပ် ၁၂၀၀၀၀ ဈေးပြန်ခေါ်နေကြတယ်။ ဈေးအရောင်းအဝယ် ဖြစ်ကြတာက ၁၁၆၀၀၀ ဈေးနဲ့ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်ကြတယ်။ စွန်တာနီ စွန်တာပြာ ပဲနီလုံးဆို ကျပ် ၁၃၀၀၀၀ ဈေးပြန်ခေါ်တယ်။ စွန်တာပြာ ကျပ် ၁၂၇၀၀၀ ဈေးအရောင်းအဝယ်ဖြစ်တယ်။ ကျောက်တွင်း ပဲကြီး ၁၆၀၀၀၀ ဈေးနဲ့ လုပ်ငန်းရှင်တွေ ဝယ်နေကြတယ်။ အဓိကဆိုလိုချင်တာက ကုန်အဟောင်းလက်ကျန်မရှိတဲ့အတွက် ပဲအသစ်ကို အားလုံး ပြိုင်ဝယ်နေတော့ အကုန်လုံးဈေးကောင်းနေတာပါ။ ပဲစင်းငုံဈေး ကောင်းတယ်။ ကျပ် ၁၃၁၀၀၀ ဈေးရှိတယ်။ တနေ့က ၁၃၂၀၀၀ ကျပ်အထိ ဈေးရောက်ခဲ့တယ်။ ဒီနေ့ FOB အဝယ်ငြိမ်နေတော့ ကျပ် ၁၃၁၀၀၀ဈေး ဝယ်နေကြတယ်။ မတ်ပဲဈေးလည်း တက်တယ်။ မတ်ပဲက အဝယ်သွက်လို့ မတ်ပဲတစ်အိတ်ကို ကျပ် ၆၀၀၀ လောက် ဈေးတက်တယ်။ မတ်ပဲကောင်းရင် ၁၃၁၀၀၀ ဈေးရှိပြီး ရန်ကုန်အိတ်စပို့သမားဝယ်နေတယ်။ နှမ်းဈေးအပြောင်းအလဲမရှိဘူး။ ငြိမ်တယ် မြေပဲဆန်ဈေးတက်တယ်။ S1 ဈေးဆို ၃၄၀၀ ကျပ်ကနေ ၃၆၀၀ ကျပ်ကြားဈေးရှိတယ်။ အနီလုံးဆန်ဆို တနေ့က ၃၁၀၀ ကျပ်ဝယ်တာ ဒီနေ့ ၃၃၅၀ ကျပ် ဈေးဝယ်နေကြတယ်။ တစ်ပိဿာ ကျပ် ၂၅၀ ဈေးတက်တယ်။ အနီလုံးဆန်ဆို ၃၃၀၀ ကျပ်ကနေ ၃၅၀၀ ကျပ်ကြား အရောင်းအဝယ်ဖြစ်တယ်။ ပြည်တွင်းသုံး ဆီစက်သမားလည်းဝယ်တယ်။ နောက်လုပ်ငန်းရှင်တွေဝယ်တယ်။ အဖြူဆန်က လိုင်းသမားဝယ်ကြတယ်။ အဖြူက တရုတ်လိုင်း မြဝတီလိုင်းသမားတွေဝယ်တယ်။ ဈေးကွက်ထဲ ပဲတွေအကုန်လုံး ဈေးတက် တယ်လို့ ပြောရမလိုဖြစ်နေတယ် အခုလောလောဆယ် တောင်သူတွေ ဈေးကောင်းရနေတယ်” ဟု မန္တလေးပွဲစား၊ ကုန်သည် စက်ပိုင်များ ကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) ပြန်ကြားရေးတာဝန်ခံကပြောကြားသည်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက် မတ်လ ၂ရက်နေ့ နေ့လည်ပိုင်း ပဲဈေးကွက်များမှာ စားအုန်းဆီ (ကန်ဆီ) တစ်ပိဿာ ကျပ် ၆၇၂၀၊ ပဲစင်းငုံနီ (အသစ်/၂၀၂၂ )သုံးတင်း တစ်အိတ် (၆၀ ပိဿာ) ကျပ် ၁၃၁၀၀၀၊ ပဲစင်းငုံဖြူ (အသစ်/၂၀၂၂/အလုံးလှ) သုံးတင်းတစ်အိတ်(၆၀ပိဿာ) ကျပ် ၁၁၂၆၀၀၀ မတ်ပဲအလုံးကြီး သုံးတင်းတစ်အိတ် (၆၀ ပိဿာ) ကျပ် ၁၃၁၀၀၀၊ V2 ကုလားပဲ သုံးတင်း တစ်အိတ် (၅၇.၂၅ ပိဿာ) ကျပ် ၁၂၃၀၀၀၊ V7 ကုလားပဲသုံးတင်း တစ်အိတ် (၅၇.၂၅ ပိဿာ) ကျပ် ၁၁၁၈၀၀၀၊ ၉၂၉ ကုလားပဲ သုံးတင်းတစ်အိတ် ( ၅၆.၂၅ ပိဿာ) ကျပ် ၁၂၁၀၀၀၊ ထိုင်ဝမ် (ဟော်လန်)ကုလားပဲ သုံးတင်းတစ်အိတ် (၅၆.၂၅ ပိဿာ) ကျပ် ၁၁၇၀၀၀၊ မြေထောက်ပဲသုံးတင်းတစ်အိတ် (၅၄ ပိဿာ) ကျပ် ၁၄၇၀၀၀၊ မြေထောက်ပဲ (အဖြူ) သုံးတင်းတစ်အိတ် (၅၄ပိဿာ ကျပ် ၁၅၄၀၀၀၊ ပဲယင်းအနီသုံးတင်း တစ်အိတ် (၆၀ ပိဿာ) ကျပ် ၁၅၃၀၀၀၊ ပဲယင်းအဝါ(အကြီး)သုံးတင်း တစ်အိတ် (၆၀ပိဿာ) ကျပ် ၁၀၀၀၀၀၊ ပဲယင်းအဝါ (အသေး) သုံးတင်း တစ်အိတ် (၆၀ ပိဿာ) ကျပ် ၉၈၀၀၀၊ နိုင်လွန်ပဲ သုံးတင်းတစ်အိတ် (၅၉.၂၅-ပိဿာ)ကျပ် ၁၄၇၀၀၀၊ ပန်းနှမ်း(အသစ်သုံးတင်း တစ်အိတ် (၄၅ပိဿာ) ကျပ် ၁၀၃၀၀၀၊ ရှမ်း-ဂျုံ (အသစ်) သုံးတင်းတစ်အိတ် (၆၀-ပိဿာ) ကျပ် ၉၁၀၀၀၊ ထွက်တိုး-ဂျုံသုံးတင်း တစ်အိတ် (၆၀ပိဿာ) (အသစ်) ကျပ် ၈၀၀၀၀ (အဟောင်း)ကျပ် ၈၅၀၀၀၊ မုံရွာ/ ဘုတလင်-ဂျုံသုံးတင်း တစ်အိတ် (၆၀ ပိဿာ) ကျပ် ၉၁၀၀၀၊ မြင်းမူ/မြောင်-ဂျုံ သုံးတင်း တစ်အိတ် (၆၀ ပိဿာ) (အသစ်) ကျပ် ၉၀၀၀၀ (အဟောင်း) ကျပ် ၉၅၀၀၀၊ ပဲလွန်းဖြူ (အသစ်)သုံးတင်းတစ်အိတ် (၆၀ ပိဿာ) ကျပ် ၁၀၀၀၀၀၊ ပဲလွန်းပြာ (အသစ်) သုံးတင်းတစ်အိတ် (၆၀ပိဿာ) ကျပ် ၉၄၀၀၀၊ ပဲကြီး (ကျောက်တွင်းအပြားကြီး) သုံးတင်း တစ်အိတ် (၅၅.၂၅ ပိဿာ) ကျပ် ၁၇၅၀၀၀၊ ပဲကြီး (လတ်ချော)သုံးတင်းတစ်အိတ် (၅၅. ၂၅-ပိဿာ ကျပ် ၁၆၅၀၀၀၊ ပဲကြီး (အပြားသေး) သုံးတင်းတစ်အိတ် (၅၅.၂၅-ပိဿာ ကျပ် ၁၅၅၀၀၀၊ ထောပတ်ပဲ (အပြားကြီး) သုံးတင်းတစ်အိတ် (၅၆.၂၅ ပိဿာ) ကျပ် ၁၃၅၀၀၀၊ ထောပတ်ပဲ (လတ်ချော) သုံးတင်းတစ်အိတ် (၅၆.၂၅ပိဿာ) ကျပ် ၁၃၀၀၀၀၊ ပဲဇီးကွက်(အသစ်)သုံးတင်း တစ်အိတ် (၅၈. ၂၅-ပိဿာ) ကျပ် ၁၂၆၀၀၀၊ ပဲကြားသုံးတင်း တစ်အိတ် (၅၆.၂၅ ပိဿာ) ကျပ် ၁၁၉၀၀၀၊ ပဲနီပြား သုံးတင်းတစ်အိတ် (၅၅.၂၅ပိဿာ) ကျပ် ၁၂၀၀၀၀၊ (ကျွန်းအပြားကြီး) ကျပ် ၁၃၀၀၀၀ ဈေးရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/226718

## တရုတ်နိုင်ငံကိုပို့မယ့် ပြောင်းချဉ်ဖတ်အတွက် ရောင်းသူဝယ်သူကြား အရည်အသွေးပိုင်း အတိအကျပြဋ္ဌာန်းဖို့လိုနေ

ပြောင်းချဉ်ဖတ်ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ပြောင်းဖူးကုန်ကြမ်းရဲ့အရည်အသွေးကို အတိအကျသတ်မှတ်ထားပြီး စစ်ဆေးဝယ်ယူနိုင်ဖို့ လိုအပ်နေတာဖြစ်ပါတယ်။ ဝိုင်းမော်မြို့နယ် တာလောကြီးကျေးရွာမှာ Century Sun ကုမ္ပဏီ က ပြောင်းချဉ်ဖတ်ထုတ်လုပ်တဲ့လုပ်ငန်းကို လုပ်ကိုင်နေတာဖြစ်ပြီး လိုအပ်တဲ့ ပြောင်းကုန်ကြမ်းကို တောင်သူဆီက ဝယ်ယူနေတာပဲ ဖြစ်ပါတယ်။

ဒီလိုဝယ်ယူရာမှာ စက်ရုံအရောက် ပြောင်းအရည်အသွေးကို အများသိအောင် တိတိကျကျ ပြဋ္ဌာန်းထားတာ မရှိသလို တောင်သူတွေမှာလည်း ရိတ်သိမ်းချိန်နောက်ပိုင်း ပြောင်းဖူးအရည်အသွေးမပျက် ထားသိုနိုင်တဲ့ နည်းစနစ်တွေမရှိတဲ့အတွက် နှစ်ဦးနှစ်ဖက် အခက်အခဲတွေဖြစ်ခဲ့ရတာဖြစ်ပါတယ်။ ဒီအခြေအနေကို ဝိုင်းမော်မြို့နယ် တာလောကြီးကျေးရွာမှ ပြောင်းစိုက်တောင်သူ ဦးသိန်းလှိုင်က အခုလိုရှင်းပြပါတယ်။ “ကျွန်တော့်အမြင်အရကတော့ ဘယ်လိုပြောမလဲဆိုတော့ သူတို့က ကွင်းဆင်းပြီးမှ အရင်ကြည့်ပေးရင် ကောင်းတာပေ့ါ။ ဒီပြောင်းကတော့ယူလို့ရတယ်၊ ဒီပြောင်းကတော့ ယူလို့မရဘူး။ အဲ့ဒါမှပဲ အဆင်ပြေမှာပေ့ါ။ အခုက တောင်သူတွေကရောင်းလို့ရတယ်ဆိုမှတင်ခဲ့ပြီ။ ကားခကလည်းသိတဲ့အတိုင်းပဲ ဆီဈေးကလည်းကြီးဆိုတော့ အသွားအပြန်ဆိုတော့ တောင်သူတွေက အများကြီးနစ်နာတာပေ့ါ။ ဒီကနေ့ဆို အစေ့ကသုံးလို့ရတယ်လေ။ ခွာပြီးတော့ အစေ့ကို ခြွေရင် တစ်ခါရောင်းလို့ရတာပေ့ါ။ ဝယ်လက်ကရှိတာပေ့ါ။ အခုကျတော့ ဒီမှာတင်ပြီးမှ ဘယ်လိုမှတင်ရမယ်ဆိုတော့ တောင်သူအတွက် အဆင်မပြေဘူးပေ့ါလေ”

ပြောင်းချဉ်ဖတ်စက်ရုံက ပြောင်းလာရောင်းနိုင်ကြောင်း အကြောင်းကြားတဲ့အခါမှာ ပြောင်းတောင်သူက ပြောင်းချိုးလာပြီး စက်ရုံကိုပို့ချိန်မှာ မိုးမိထားတဲ့အတွက် အညှော်င့်ပေါက်တာ၊ ပြောင်းအောက်တာတွေဖြစ်လာတာဖြစ်ပါတယ်။ ပထမအကြိမ် အရောင်းအဝယ်ပြုလုပ်ပြီးနောက် ဒုတိယအကြိမ်ပြောင်းဝယ်ရာမှာ ပြောင်းအရည်အသွေးကျဆင်းနေတဲ့အတွက် စက်ရုံရောက်လာတဲ့ ပြောင်းကိုမယူနိုင်ပဲ တောင်သူဆီကို ပြန်အပ်ခဲ့တာပဲဖြစ်ပါတယ်။

ပြောင်းချဉ်ဖတ်စက်ရုံက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ ထွက်ရှိလာတဲ့ အခွံပါပြောင်းဖူးခြောက် တစ်တန်ကို ကျပ်နှစ်သိန်းနှုန်းနဲ့ ဝယ်ယူနေတာဖြစ်ပါတယ်။ ဒီဈေးနှုန်းက တောင်သူတွေအတွက် အကျိုးအမြတ် အရကြီးမဟုတ်ပေမယ့် ပြောင်းချိုးပြီးတာနဲ့ ပြောင်းဖူးခြွေစရာ၊ အခြောက်လှမ်းစရာ၊ အဝေးကိုသွားရောင်းစရာမလိုတော့ပဲ ကျေးရွာအတွင်းမှာပဲ ရောင်းဝယ်နိုင်တာက အားသာချက်တစ်ခု ဖြစ်စေခဲ့ပါတယ်။

Century Sun ကုမ္ပဏီပိုင်ရှင် ဒေါ်အားတုကတော့ လာမယ့်ပြောင်းရာသီမှာ ပြောင်းဝယ်နိုင်ဖို့ အရည်အသွေး သတ်မှတ်ချက်ဆိုင်ရာ ဆိုင်းဘုတ်တွေကို အများသိအောင်စိုက်ထူသွားမယ်ဆိုပါတယ်။ ဒါ့အပြင် ပြောင်းခင်းထဲအရောက် အရည်အသွေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကိုလည်း သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ဆိုပါတယ်။ “အခု ပြောင်းဖူးတွေ ကျွန်မဝယ်တဲ့အချိန်မှာလေ အရင်က ဆောင်းပြောင်းမှာ မိုးမရွာဘူး။ အခုက တောင်သူကခုတ်ထားပြီးမှ ခြံမှာပဲ ချထားတာ။ ပို့လာတဲ့အခါမှာ ကားပေါ်မှာချထားတာ ၂ ရက်ကြာသွားပြီ။ ၂ ရက်ကြာသွားတဲ့အချိန်မှာ မိုးရွာလာတယ် မိုးကာလည်းမအုပ်ထားတဲ့အချိန်မှာ ဒီမှာရောင်းတဲ့အခါမှာ မကောင်းတာတွေဖြစ်နေတဲ့အချိန်မှာ မကောင်းတာတွေက နွားကျွေးလို့လည်းမရဘူးလေ။ ပုပ်သွားပြီး နွားစားတဲ့အချိန်မှာ ရောဂါဖြစ်တယ်။ ဒီမှာတောင်သူက ကိုယ်ပိုင်ကားလည်းမဟုတ်တော့ ကားငှားထားတော့ ကားခကအရမ်းကုန်တယ်။ ကျွန်မ ကြိုပြောထားတယ်။ ပုပ်တာတွေမယူဘူး။ ပြောင်းဖူးမှာ အစေ့မပါရင် မယူဘူးပဲ။ ကြိုပြောထားတယ်လေ။ အရင်ကလည်း ဒီကြားမှာမိုးမရွာဘူး။ ဒီနှစ်ကဘယ်လိုဖြစ်လဲမသိဘူး။ အဲ့ဒါကြောင့် ပြန်ချလိုက်တာ။ ကျွန်မ နောက်နှစ်မှာလည်း ဒီလိုမျိုးသိမ်းတဲ့အချိန်မှာ ခြံမှာသွားကြည့်ပြီးမှ ကြိုပြောပေးမယ်လေ။ ဒါရောင်းလို့ရလား၊ မရဘူးလား၊ ဒါကောင်းလား၊ မကောင်းဘူးလား ကြိုလိုက်သင်ပေးမယ်” လို့ ဒေါ်အားတုက ဆိုပါတယ်။ မိုးမိထားတဲ့ အစေ့ထုတ်ပြောင်းတွေမှာ အာဖလာတော့ဆင်မှိုဆိပ်ပါဝင်နိုင်ပါတယ်။ ရိတ်သိမ်းပြီးနောက်ပိုင်း ပြောင်းသီးနှံတွေမှာ သီးနှံအခြောက်လှမ်းချိန်နောက်ကျတာတွေ၊ သိုလှောင်မှုစနစ်မရှိတာတွေကြောင့် အာဖလာတော့ဆင်မှိုဆိပ်ကျရောက်ပျက်စီးနိုင်ပါတယ်။ ဒါကြောင့် ပြောင်းများကိုရိတ်သိမ်းပြီးနောက်ပိုင်း အစိုဓာတ် ၁၂ ရာခိုင်နှုန်းရောက်အောင် အခြောက်လှန်းနိုင်ဖို့ လိုအပ်ပါတယ်။ ဒီလို အခြောက်ခံရာမှာလည်း စက်ကိရိယာအကူအညီနဲ့ ခြောက်သွေ့စေတာက ပိုပြီးထိရောက်မှုရှိစေတယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

အာဖလာတော့ဆင်မှိုဆိပ်မဖြစ်ပေါ်စေဖို့အတွက် စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရိတ်သိမ်းချိန်လွန်နည်းပညာအသုံးချဌာနက သုတေသနလုပ်ငန်းတွေကို ၁၉၈၇ ခုနှစ်နဲ့ ၁၉၉၂ ခုနှစ်တွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ့ပြောင်းဖူးစေ့တွင် အာဖလာတော့ဆင် မှိုဆိပ်ပါဝင်မှုစူးစမ်းလေ့လာခြင်းလုပ်ငန်းကို စစ်ကိုင်း၊ မန္တလေးနဲ့ရောဝတီတိုင်းဒေသကြီးတို့မှာ ဆောင်ရွက်ခဲ့ကြပါတယ်။

ဌာနအနေနဲ့ အာဖလာတော့ဆင် မှိုဆိပ်မဖြစ်ပေါ်အောင် ဆောင်ရန်ရှောင်ရန် အချက် ၁၀ ချက်ကိုထုတ်ပြန်ခဲ့ရာမှာ စိုက်ပျိုးမြေကို ခြောက်သွေ့အောင် အထပ်ထပ်ထွန်ယက်မြေလှန်ပေးရန်၊ သီးနှံတစ်မျိုးတည်း ရာသီပေါင်းများစွာ စိုက်ပျိုးတာကိုရှောင်ကြဉ်ရန်၊ တညီတညာတည်းရင့်မှည့်မှသာ ခူးဆွတ်ရန်၊ စိုထိုင်းဆများသောဒေသများတွင် သီးနှံအခြောက်ခံစက်များအသုံးပြုပြီး အမြန်အခြောက်ခံခြင်းဖြင့် အာဖလာတော့ဆင် မှိုဆိပ်ကျရောက်မှုကို ကာကွယ်ရန် စတဲ့ အချက် ၁၀ချက်ကိုထုတ်ပြန်ထားပါတယ်။

အာဖလာတော့ဆင်မှိုဆိပ်က ပြောင်းသီးနှံအပြင်မြေပဲနဲ့ မြေပဲဖတ်တွေမှာ အများဆုံးပါဝင်နိုင်ပါတယ်။ ဒါ့အပြင် လူ့အစားအစာတွေမှာသာမက တိရစ္ဆာန်အစာတွေမှာ ပါဝင်လာပါက အာဖလာတော့ဆင်ပါဝင်နေတဲ့ နွားစာကိုစားမိပါက နွားနို့ကတစ်ဆင့်နို့နဲ့နို့ထွက်ပစ္စည်းတွေမှာလည်း အာဖလာတော့ဆင်မှိုဆိပ်က အသွင်ကွဲအနေနဲ့ ပါဝင်လာနိုင်ပါတယ်။

အာဖလာတော့ဆင်မှိုဆိပ်က အသည်းကင်ဆာရောဂါကိုဖြစ်ပွားစေတဲ့အတွက် တရုတ်နိုင်ငံတွင်းတင်သွင်းလာမယ့်လူ့အစားအစာနဲ့ တိရစ္ဆာန်အစာတွေမှာ အာဖလာတော့ဆင် အမြင့်ဆုံးပါဝင်မှုပမာဏကို 20ppb အထိသာ ခွင့်ပြုကန့်သတ်ထားပါတယ်။ ဒါကြောင့် မြန်မာ့ပို့ကုန်အမယ်သစ်ဖြစ်တဲ့ ပြောင်းချဉ်ဖတ်တွေကိုထုတ်လုပ်ရာမှာ တရုတ်နိုင်ငံက သတ်မှတ်ထားတဲ့အရည်အသွေးဆိုင်ရာ လိုအပ်ချက်တွေပြည့်မီအောင်ဆောင်ရွက်ပြီး တောင်သူတွေအတွက် အကျိုးအမြတ်ရှိတဲ့ သီးနှံဈေးနှုန်းကိုရရှိမှသာ ရေရှည်တင်ပို့နိုင်မှာဖြစ်ပါတယ်။

**Source:** https://greenwaymyanmar.com/posts/Silage_Export_Quality

## စားအုန်းဆီကြမ်း တစ်တန် ရင်းဂစ် ၈,၀၀၀ ကျော်အထိ မြောက်တက်

ယူကရိန်းကို ရုရှားကျူးကျော်ခြင်းကြောင့် နေကြာဆီဝယ်ယူရရှိနိုင်မယ့်ပမာဏ လျော့ကျသွားလို့ မတ်လ ၁ ရက် အင်္ဂါနေ့မှာ စားအုန်းဆီ ဝယ်လိုအားမြင့်တက်ပြီး တစ်တန်လျှင် ရင်းဂစ် ၈,၀၀၀ သို့ ပထမဆုံးအကြိမ်ရောက်ရှိပြီး စံချိန်သစ်တင်ပါတယ်။ အရောင်းအဝယ် ပိတ်ခါနီးချိန်တွင် မတ်လအတွက် စားအုန်းဆီကြမ်းကြိုပွိုင့် တစ်တန်လျှင် ရင်းဂစ် ၈,၁၆၃ အထိ ခုန်တက်ပါတယ်။ မေလအတွက် ကြိုပွိုင့်တစ်တန်လျှင် ရင်းဂစ် ၇,၄၃၅ အထိ မြင့်တက်ပါတယ်။

ယူကရိန်းမှ စားဆီ ယာယီအားဖြင့် မရနိုင်တဲ့လိုအပ်ချက်ကို ကာမိအောင် အရှူးအမူးဝယ်ကြတာလို့ CGS-CIMB Research က သုံးသပ်ပါတယ်။ ယူကရိန်း စားဆီအခြေအနေ တိုးတက်ကောင်းမွန်မလာသေးသရွေ့ ယခုလို ဈေးအမြင့်ပေးပြီး ဝယ်ယူမှုများဆက်ရှိနေဦးမယ်လို့ ပြောကြားပါတယ်။

ယူကရိန်းက နေကြာဆီ ကမ္ဘာ့အများဆုံး ထုတ်လုပ်တဲ့နိုင်ငံဖြစ်ပြီး ကမ္ဘာ့အများဆုံး တင်ပို့တဲ့နိုင်ငံလည်းဖြစ်ပါတယ်။ ကမ္ဘာ့နေကြာဆီတင်ပို့မှုမှာ ၄၇% က ယူကရိန်းမှ တင်ပို့တာဖြစ်ပါတယ်။ ရုရှားကလည်း နေကြာဆီတင်ပို့ပါတယ်။ ကမ္ဘာ့နေကြာဆီတင်ပို့မှုရဲ့ ၂၉.၉% ကို ရုရှားက တင်ပို့ပါတယ်။ ၂၀၂၀ နှင့် ၂၀၂၁ တို့မှာ ရုရှားနှင့်ယူကရိန်း ၂ နိုင်ငံ စုစုပေါင်းတင်ပို့မှုက ကမ္ဘာ့နေကြာဆီတင်ပို့မှုရဲ့ ၇၀% ကျော်မှာရှိခဲ့ပါတယ်။

ဟင်းသီးဟင်းရွက်ဆီအမျိုးမျိုးမှာ နေကြာဆီက ကမ္ဘာ့တတိယအများဆုံး ရောင်းဝယ်တဲ့ဆီဖြစ်ပြီး စားအုန်းဆီက ပထမ၊ ပဲပုပ်ဆီက ဒုတိယအများဆုံးဖြစ်ပါတယ်။ နေကြာဆီမရတော့တဲ့ လိုအပ်ချက်ကို စားအုန်းဆီနှင့် ပဲပုပ်ဆီတို့ဖြင့် ယာယီအစားထိုးဖို့ ၎င်းဆီနှစ်မျိုးကို ဝယ်ယူနေကြတာဖြစ်ပါတယ်။

ယခုလို ကြိုပွိုင့်ဈေးနှုန်း မြင့်တက်တဲ့အတွက် လက်ငင်းအရောင်းဖြင့်သာ ရောင်းချတဲ့ Hap Seng Plantations Holdings Bhd, Ta Ann Holdings Bhd အစရှိတဲ့ စားအုန်းဆီ လုပ်ငန်းများလည်း ဈေးကောင်းရစေတယ်လို့ CGS-CIMB Research က ပြောကြားပါတယ်။

ရုရှားက ကမ္ဘာ့ဓာတ်မြေဩဇာတင်ပို့မှုမှာ ဓာတ်မြေဩဇာအကြမ်း ၁၃% ၊ ဓာတ်မြေဩဇာ အပြီးသတ်အချော ၁၆% တင်ပို့နေတဲ့ နိုင်ငံဖြစ်တာကြောင့် စိုက်ခင်းသမားများအနေဖြင့် ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်ခြင်းအပါအဝင် ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်တာကို ၂၀၂၂ ဒုတိယနှစ်ဝက်မှာ ကြုံရဖွယ်ရှိတယ်လို့ ဆိုပါတယ်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4299-palm-oil-tops-rm8,000.html

## ငရုတ်ကို ပြည်ပကမှာယူမှုရှိနေသဖြင့် တန် ၅၀ ကျော်တင်ပို့ရောင်းချခဲ့



**Source:** ရတနာပုံသတင်းစာ

မြန်မာထွက်ကုန်သီးနှံဖြစ်သော ငရုတ်ကို ပြည်ပကမှာယူမှုများရှိနေသဖြင့် လက်ရှိ တန် ၅၀ ကျော်တင်ပို့ရောင်းချခဲ့ကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

လက်ရှိတွင် ငရုတ်ကို ဧရာဝတီတိုင်းဒေသကြီးမှ လှိုင်လှိုင်ထွက်ရှိနေပြီး ထွက်ရှိလာသည့် ငရုတ်အစိုများကို ပြည်ပကဝယ်ယူရန် မှာယူမှုများရှိသဖြင့် တင်ပို့ရောင်းချခဲ့ရကြောင်း၊ ငရုတ်ကိုပြည်ပသို့ ဖေဖော်ဝါရီလစတုတ္ထပတ်မှ ယနေ့ထိ ငရုတ်အုပ်စုများနှင့် လုပ်ငန်းရှင်တောင်သူများက တန်ချိန် ၅၀ ကျော်တင်ပို့ရောင်းချခဲ့ကြောင်း၊ ယခုနှစ်ထွက်ရှိလာသည့် ငရုတ် များကို ပြည်ပက ဝယ်ယူမှုများနေသည့်အတွက် တန်ချိန်များများ တင်ပို့သွားမည်ဖြစ်ကြောင်းသိရသည်။

"အခုလက်ရှိ ပြည်ပကိုတင်ပို့နေပါတယ်။ ရောင်းချသူတွေလဲ များလာပါတယ်။ ငရုတ်အုပ်စုတွေရယ်၊ လုပ်ငန်းရှင်တောင်သူတွေရယ် တင်ပို့ရောင်းချနေကြတာပါ။ ကုန်သွယ်ရေးဂိတ်တွေဖွင့်ရင်တော့ တန်ချိန်များများတင်ပို့နိုင်မှာပါ။ လက်ရှိတန် ၅၀ ကျော် တင်ပို့ပြီးပါပြီ။ ငရုတ်စိုက်တာကတော့ Export တင်ပို့ရောင်းချသွားဖို့ ရည်ရွယ်တာပါ။ တချို့အသီးတွေဆိုရင် ရေလမ်းကြောင်းက တင်ပို့နေပါပြီ။ လက်ရှိငရုတ်အမှည့်အစိုကို တင်ပို့ရောင်းချနေတာပါ။ မှာယူမှုတွေရှိနေလို့ ဆက်လက်တင်ပို့သွားမှာပါ" ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

ပြည်ပက ငရုတ်မှာယူမှုများရှိနေသဖြင့် တင်ပို့ရောင်းချပေးနေသည့် ငရုတ်အမျိုးအစားများမှာ ၇၇၇ ငရုတ်၊ ၉၉၉ ငရုတ်၊ ဆန်ရှိုင်းငရုတ်၊ စတားဟော့ငရုတ်များကို တင်ပို့ရောင်းချပေးနေကြောင်း၊ ပြီးခဲ့သည့် ငရုတ်ရာသီက တန် ၄၀ သာ တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ကုန်သွယ်ရေးလမ်းကြောင်းများ ဖွင့်ပေးသည့်အတွက် ငရုတ်တန်ချိန်များများ တင်ပို့သွားမည်ဖြစ်ကြောင်း ဒေါ်ဥမ္မာကျော်က ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ၂၀၂၄ ခုနှစ်တွင်မော်တော်ကားထုတ်လုပ်မှုအစီးရေ(၂)သန်းကျော်ရှိလာနိုင်ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ခန့်မှန်းခြင်း



Cars sit ready for export at Laem Chabang Port in Chon Buri province. (Photo: Patipat Janthong)

ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာမှုကြောင့် ထိုင်းနိုင်ငံ၏ နှစ်စဉ် မော်တော်ကား ထုတ်လုပ်မှုသည်(၂)နှစ်အတွင်း အစီးရေ(၂)သန်းကျော်အထိ တိုးလာနိုင်မည်ဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ် Federation of Thai Industries( FTI)၏ ခန့်မှန်းချက်အရ သိရှိရပါသည်။

လျှပ်စစ်မော်တော်ကားများ(EVs)အတွက် အစိုးရ၏ မက်လုံးပေးမှုအစီအစဉ်တွင် ဘက်ထရီလျှပ်စစ်ကားBattery electric Vehicles များအတွက် အကောက်ခွန်(၄၀%)အထိ လျှော့ချခြင်းပါဝင်ပြီး ၎င်းကကားတင်သွင်းမှုကို မြင့်တင်ပေးလိမ့်မည်ဖြစ်သော်လည်း၊ ရေရှည်တွင် ပြည်တွင်းမော်တော်ကား ထုတ်လုပ်မှုကို ထိခိုက်

လိမ့်မည်မဟုတ်ကြောင်း FTI ဥက္ကဋ္ဌနှင့် မော်တော် ကားကလပ်အသင်းပြောရေးဆိုခွင့်ရှိသူ Surapong Paisitpatanapong က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစီအစဉ်မှနေ၍ မော်တော်ကား တင်သွင်းသူများအနေဖြင့် အကျိုးအမြတ်များရရှိနိုင်သော်လည်း အစိုးရအနေဖြင့် လျှပ်စစ်မော်တော်ကားEVs များဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီး မြှုပ်နှံမှုများပိုမိုလုပ်စေချင်ကြောင်းငင်းကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ဒေသတွင်း EVs ထုတ်လုပ်မှုဗဟိုချက်ဖြစ်လာစေရေး ရည်မှန်းချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ၂၀၃၀ ခုနှစ်တွင် ပြည်တွင်းထုတ်ကားများ၏(၅၀%)ကို လျှပ်စစ်ကား EVs များအဖြစ် မြင်တွေ့လိုကြောင်း အမျိုးသားလျှပ်စစ်မော်တော်ကားမူဝါဒကော်မတီက ပြီးခဲ့သည့် မတ်လတွင်ထုတ်ပြန်ကြေငြာခဲ့ကြောင်းသိရှိရပါသည်။

FTI အနေဖြင့် အဓိကအားဖြင့် ကိုဗစ်-၁၉ ကိုထိန်းချုပ်ရန် အစီအမံဆောင်ရွက်ချက်များကြောင့် ထိုင်းမော်တော်ကားလုပ်ငန်းအနေဖြင့် နှေးကွေးသောရောင်းအားမှ ပြန်တက်လာစေရန် မျှော်လင့်ထားပြီး ကပ်ရောဂါမဖြစ်ပွားမီက နိုင်ငံ၏မြင့်မားသော ထုတ်လုပ်မှုအဆင့်သို့ ပြန်လည်ရောက်ရှိစေရန်မျှော်လင့်ထားကြောင်းသိရှိရပါသည်။

၂၀၁၉ခုနှစ်တွင်ထိုင်းနိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုမှာ အစီးရေ(၂,၀၆၇,၆၉၄) စီးရှိခဲ့ပြီး အစီးရေ(၁,၁၄၂,၇၃၃)မှာ ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝှမ်းသို့ကားများ တင်ပို့ရောင်းချနေသော မော်တော်ကားထုတ်လုပ်သူ၊ မော်တော်ကားတပ်ဆင်သူနှင့်အစိတ်အပိုင်းများ ထုတ်လုပ်သူ၊ ကမ္ဘာတစ်ဝှမ်းသို့ကား တင်ပို့သည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း Mr.Surapong က ပြောကြားခဲ့ပါသည်။

ကပ်ရောဂါဖြစ်ပွားနေသော်လည်း ယမန်နှစ်က မော်တော်ကား ထုတ်လုပ်မှုအနေဖြင့် အစီးရေ(၁.၆၈)သန်းအထိ တိုးမြင့်နိုင်ခဲ့ပြီး၊ နှစ်အလိုက်တွင် (၁၈.၁%)တိုးတက်ခဲ့ကြောင်း၊ အဆိုပါကိန်းဂဏန်းများသည် FTI ကရည်မှန်းထားသည့် အစီးရေ (၁.၆)သန်းကို ကျော်လွန်ခဲ့ကြောင်းသိရှိရပါသည်။ FTI အနေဖြင့် ယခုနှစ်အတွက် အစီးရေ(၁.၈)သန်းအထိ ထုတ်လုပ်နိုင်ရန်မျှော်မှန်းထားကြောင်းနှင့် အစီးရေ(၉၀၀,၀၀၀)မှ (၉၅၀,၀၀၀)ခန့် ပြည်ပသို့တင်ပို့နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်းသိရှိရပါသည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## ဇန်နဝါရီလအတွင်း ဂျပန်နိုင်ငံ၏ သွင်းကုန်တန်ဖိုး သိသိသာသာ မြင့်တက်လာခဲ့ကြောင်းသိရ

ဂျပန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် ကုန်သွယ်မှုစာရင်းဇယားများအရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၏ သွင်းကုန်တန်ဖိုးသည် ယန်း ၈.၅၂ ထရီလီယံကျော်ရှိပြီး တစ်လတာအတွင်း အမြင့်ဆုံးဖြစ်ကြောင်း သိရပါသည်။ အဓိကအကြောင်းအရင်းမှာ ရေနံစိမ်းကဲ့သို့သော စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် ဇန်နဝါရီလ၏ ကုန်သွယ်မှု စာရင်းဇယားများအရ ဇန်နဝါရီလ၏ သွင်းကုန်တန်ဖိုးသည် ယမန်နှစ်၏ အလားတူကာလထက် ၃၉.၆ % တိုးမြင့်လာခဲ့ပြီး တန်ဖိုးအားဖြင့် ယန်း ၈၅၂၃.၁ ဘီလီယံအထိရှိခဲ့ပါသည်။ ၁၉၇၉ ခုနှစ်နောက်ပိုင်း လစဉ်သွင်းကုန်တန်ဖိုးများအား နှိုင်းယှဉ်ကြည့်လျှင် အများဆုံးဖြစ်ကြောင်းသိရပါသည်။

အကြောင်းအရင်းမှာ ရေနံစိမ်းတင်သွင်းမှုဈေးနှုန်းသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၇၆% မြင့်တက်လာပြီး ကျောက်မီးသွေးနှင့်သဘာဝဓာတ်ငွေ့ရည် (LNG) ကဲ့သို့သော စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်ပါသည်။ ထို့အပြင် တောင်ကိုရီးယားသို့ သံမဏိထုတ်ကုန်များ တင်ပို့မှုတန်ဖိုးသည် ယမန်နှစ်၏ အလားတူကာလထက် ၉.၆ % မြင့်တက်ခဲ့ပြီး တန်ဖိုးအားဖြင့် ယန်း ၆၃၃၂ ဘီလီယံအထိ ရှိခဲ့ပါသည်။

ကုန်သွယ်မှုလက်ကျန်တန်ဖိုးမှာ လိုငွေယန်း ၂၁၉၁.၁ ဘီလီယံဖြစ်ကြောင်း တွေ့ရပါသည်။ ဂျပန်နိုင်ငံအနေဖြင့် ခြောက်လဆက်တိုက် ကုန်သွယ်ရေးလိုငွေပြမှုဖြစ်ပေါ်နေပြီး ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလနောက်ပိုင်း ဒုတိယမြောက် အကြီးဆုံးအနေအထားဖြစ်ခဲ့သည်ဟု သိရပါသည်။

**Source:** https://asia.nikkei.com/, https://www.japantimes.co.jp/

**နန္ဒာဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်)**

## တရုတ်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံ နယ်စပ်တွင် ကုန်စည်ကြန့်ကြာမှုများကြောင့် ရေထွက်ကုန်ဈေးနှုန်းများ ကျဆင်းလာ

ဗီယက်နမ်မြောက်ပိုင်းပြည်နယ်ဖြစ်သည့် Lang Son တွင် တရုတ်ဘက်မှ ကိုဗစ်ကာကွယ်ထိန်းချုပ်ရေး ကန့်သတ်ချက်များအရ အကောက်ခွန်ရှင်းလင်းချိန် ကြာမြင့်နေသည့်အတွက် ကုန်တင်ယာဉ်များတန်းစီနေရသည်မှာ လအနည်းငယ်ကြာမြင့်လာပြီဖြစ်ပါသည်။

တရုတ်နိုင်ငံမှာ ဗီယက်နမ်မှ ရေထွက်ကုန်များကို အဓိကဝယ်ယူသည့်နိုင်ငံဖြစ်ရာ ယခုကြုံတွေ့နေရသည့် အခြေအနေကြောင့် ဗီယက်နမ်မှ ရေထွက်ကုန်ဈေးနှုန်းများ သိသာစွာကျဆင်းလာပါသည်။

ဗီယက်နမ်တောင်ပိုင်းမှ ကဏန်းမွေးမြူသူတစ်ဦး၏ပြောကြားချက်အရ ကဏန်းဈေးနှုန်းမှာ ယခုအခါ အကောင်းဆုံးအမျိုးအစားဖြစ်လျှင်သော်မှ တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် (၆)သိန်း (အမေရိကန်ဒေါ်လာ ၂၆.၂၈ ဒေါ်လာခန့်)သာရရှိပြီး၊ ဖေဖော်ဝါရီလဆန်းကထက် ထက်ဝက်ကျဆင်းသွားကြောင်း၊ ဝယ်ယူရန်လာရောက်ကြည့်ရှုသည့် ကုန်သည်ဦးရေမှာလည်း တဖြည်းဖြည်းကျဆင်းလာကြောင်း၊ အခွံမာရေထွက်ကုန်များအတွက် ပြည်တွင်းဈေးကွက်ဝယ်လိုအားမှာလည်း များစွာမရှိသဖြင့် ဈေးနှုန်းဆက်လက် ကျဆင်းနိုင်ကြောင်းသိရပါသည်။

ယခုအခါ ဗီယက်နမ်နိုင်ငံ၌ ပုစွန်ဈေးနှုန်းမှာလည်း အမျိုးအစားပေါ်မူတည်၍ တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် (၁၅၀,၀၀၀)မှ (၂၀၀,၀၀၀) ကြားတွင်သာရှိပြီး၊ ဖေဖော်ဝါရီလဆန်းကထက် (၁၀)ရာခိုင်နှုန်းမှ (၄၅) ရာခိုင်နှုန်းကြား ကျဆင်းလာသည်ဟု သိရပါသည်။

တရုတ်နိုင်ငံဘက်သို့ နယ်စပ်မှတစ်ဆင့်ရေထွက်ကုန်များ တင်ပို့ရာတွင် အခက်အခဲများဖြစ်နေခြင်းနှင့် ဗီယက်နမ်ပြည်တွင်း၌ ရေထွက်ကုန်များကို ဝယ်လိုအားပိုမိုနည်းပါးလာခြင်းတို့က ဈေးနှုန်းများလျင်မြန်စွာကျဆင်းလာသည့် အကြောင်းရင်း(၂)ရပ်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်မှ တင်ပို့သည့်ရေထွက်ကုန်များ၏ ဒုတိယအကြီးဆုံးဈေးကွက်ဖြစ်ပြီး၊ ယခင်နှစ် ပထမ (၁၁)လအတွင်း ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၈၈.၄) ဘီလီယံရရှိခဲ့ကာ၊ ဗီယက်နမ်၏ စုစုပေါင်းလယ်ယာစိုက်ပျိုးရေးပို့ကုန်တင်ပို့မှုတွင် (၁၉.၂) ရာခိုင်နှုန်း ပါဝင်ဖြည့်ဆည်းခဲ့ပါသည်။

ဖေဖော်ဝါရီလ (၁၇)ရက်နေ့တွင် ဗီယက်နမ်၏ Lao Cai ပြည်နယ်နှင့်နယ်နိမိတ်ချင်းထိစပ်နေသည့် တရုတ်ဘက်မှ Hekou Yao တွင် Covid-19 ဖြစ်ပွားမှုများကို စတင်တွေ့ရှိခဲ့ပြီးနောက် ဗီယက်နမ်၏ Kim Thanh နယ်စပ်ဂိတ်မှတစ်ဆင့် ကုန်သွယ်နေခြင်းကို ဆိုင်းငံ့လိုက်ရာ၊ ကုန်တင်ယာဉ်အစီးရေ (၃၅၀)ခန့်ပေါ်မှ ကုန်စည်များမှာ တစ်ဖက်နိုင်ငံသို့ မရောက်ရှိဘဲ ကြန့်ကြာနေခဲ့ပါသည်။ ၎င်းဂိတ်ကို မည်သည့်အချိန်၌ ပြန်လည်ဖွင့်လှစ်မည်ဟူသည်ကိုလည်း ရှင်းရှင်းလင်းလင်းသိရှိထားခြင်း မရှိသေးပါ။ အခြားနယ်စပ်ဂိတ်များဖြစ်ကြသည့် Huu Nghi International ၊ Dong Dang ၊ Tan Thanh နှင့် Chi Ma International Railway Stations တို့၌မူ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများကို ပြန်လည်စတင်နေပြီဖြစ်ပါသည်။

သို့ရာတွင် တရုတ်နိုင်ငံဘက်မှ ကပ်ရောဂါကာကွယ်ရေးနှင့် အရည်အသွေးထိန်းချုပ်ရေးစီမံဆောင်ရွက်မှုများကြောင့် ကုန်တင်ယာဉ်တစ်စီးလျှင် အကောက်ခွန်ရှင်းလင်းချိန် မိနစ် (၄၀)မှ (၅၀)ကြား ကြာမြင့်ပြီး တစ်နေ့လျှင် အစီးရေ (၅)စီးမှ (၆၉)စီးကြားသာ ရှင်းလင်းပေးနိုင်ရာ၊ ယခုကဲ့သို့ ကုန်သွယ်မှုအတားအဆီးများ ဆက်လက်ဖြစ်ပေါ်နေ ကြောင်း သတင်းရရှိပါသည်။

**Source: Vnexpress (၂၀-၂-၂၀၂၂)**

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

# STOCK EXCHANGE (3.3.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 3rd Mar. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,200 | 8,200 | 8,100 | 1,670 | 13,667,000 | 33,109,694 | 268,189 |
| MTSH | 00002 | 2,900 | -50 | -1.69% | 3,000 | 3,000 | 2,900 | 3,107 | 9,015,700 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 100 | 780,000 | 10,400,986 | 81,128 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 375 | 7,125,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,700 | +100 | +3.85% | 2,700 | 2,700 | 2,700 | 1,800 | 4,860,000 | 12,823,224 | 34,623 |
| EFR | 00006 | 2,900 | +100 | +3.57% | 2,900 | 2,900 | 2,900 | 6 | 17,400 | 19,977,223 | 57,934 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 65 | 325,000 | 10,497,598 | 52,488 |


## Market summary

As of 3rd Mar. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.07 | +0.76 | +0.20% | 377.57 | 379.10 | 376.07 | 7,123 | 35,790,100 | 7 | 654,226 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 3rd Mar. 2022

| MYANPIX | 376.07 ▲ 0.76 |
|---|---|
| Total Volume (shares) | 7,123 |
| Total Value (MMK) | 36 mil |
| Listed Company | 7 |
| Market Cap. (MMK) | 654,226 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 0 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 100 |
| EFR | 00006 | 2,900 | ▲ 100 |
| AMATA | 00007 | 5,000 | ▲ 0 |